BRITISH COUNCIL

# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ မေလ ၁၈ ရက်)

ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများ၊ ပြောင်းလဲဖြစ်ပေါ်လာသော ဝန်ဆောင်မှုများ

ဧပြီလ ၂၉ ရက်နေ့က ပြောကြားခဲ့သော အမှာစကား၏ နောက်ထပ်သတင်းအနေနှင့် မြန်မာနိုင်ငံလက်ရှိအခြေအနေအပေါ် ကျွန်ုပ်တို့၏တုံ့ပြန်ချက်များကို အသိပေးလိုပါသည်။

#CultureConnectsUs

မြန်မာနိုင်ငံတွင် Covid-19 ပျံ့နှံ့မှုကိုကာကွယ်ရန် အစိုးရ၏ မကြာသေးမီကညွှန်ကြားချက်များအရ ဗြိတိသျှကောင်စီရုံးများအား မတ်လ ၁၉ရက်နေ့မှစတင်ကာ ခေတ္တယာယီပိတ်ထားခဲ့ပါသည်။ လူချင်းတွေ့ဆုံပြီးဆောင်ရွက်ရသောဝန်ဆောင်မှုများကိုလည်း ပြိုင်တူဆိုင်းငံ့ထားခဲ့ပါသည်။ ထိုအချိန်မှစတင်ကာ ကျွန်ုပ်တို့သည် ဝက်ဗ်ဆိုဒ်နှင့် Facebook စာမျက်နှာတွင် ကြေညာခဲ့သည့်အတိုင်း ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်မှုများကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ပေးနေပါသည်။ (မတ်လ ၂၅ ရက်၊ ဧပြီလ ၂ ရက်၊ ၈ ရက်နှင့် ၂၉ ရက်က ညွှန်ကြားရေးမှူးထံမှ အမှာစကား)

လုပ်ငန်းများနှင့် ဝန်ဆောင်မှုများပြန်လည်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ၏ မကြာသေးမီကလမ်းညွှန်ချက်များနှင့်အညီ ကျွန်ုပ်တို့လုပ်ငန်းများ၏ လူချင်းတွေ့ဆုံပြီး လုပ်ဆောင်ရသောဝန်ဆောင်မှုများအတွက် တချို့သောလုပ်ငန်း များကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် မေလအတွင်းတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိစာကြည့်တိုက်များကို အစမ်းသဘောအားဖြင့် အကန့်အသတ်ဖြင့် ပြန်လည်ဖွင့်လှစ်ရန် စီစဉ်နေပါသည်။ ကျွန်ုပ်တို့၏ ဧည့်သည်များနှင့် ဝန်ထမ်းများ လုံခြုံမှုရှိစေရန်အတွက် ရောဂါကူးစက်မှု၏အန္တရာယ်ကို လျှော့ချရန် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ထိုဆောင်ရွက်မှုများတွင် အောက်ပါအချက်များပါဝင်ပါသည်။

## ဝင်ရောက်ခွင့်နှင့် ခြေရာခံသည့်အစီအမံများ

၁။ ဧည့်သည်များနှင့်ဝန်ထမ်းများအားလုံးကို ဂိတ်အဝတွင် အပူချိန်စစ်ဆေးမည်ဖြစ်ပါသည်။ မြင့်မားသောအပူချိန် (၃၈ ဒီဂရီအထက်) ရှိသောမည်သူမဆို အဆောက်အဦးအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၂။ ဝန်ထမ်းများနှင့် ဧည့်သည်များအနေဖြင့် mask များဝတ်ဆင်ရန်လိုအပ်ပြီး မဝင်ရောက်ခင် မည်သူမည်ဝါဖြစ်ကြောင်းကို အစစ်ဆေးခံရပါမည်။ ကျွန်ုပ်တို့၏ရုံးထဲသို့ ဝင်သောအခါ လက်သန့်ဆေးကို မဖြစ်မနေအသုံးပြုရပါမည်။

၃။ ကြိုတင်အကြောင်းကြား ရက်ချိန်းရယူထားခြင်း မရှိသည့် ဧည့်သည်များသည် အဆောက်အဦးထဲသို့ ဝင်ရောက်နိုင်မည်မဟုတ်ပါ။

၄။ ဧည့်သည်များအားလုံးသည် contact tracing form (ဆက်သွယ်ရန်ခြေရာခံသည့်ပုံစံ) နှင့် ၎င်းတို့၏ မကြာသေးမီကခရီးသွားခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပေးချက်ကို ဖြည့်စွက်ရန်လိုအပ်ပါသည်။

## လူစုလူဝေးရှောင်ရှားခြင်းနှင့် ထပ်တိုးသန့်ရှင်းရေးအစီအမံများ

၁။ ကျွန်ုပ်တို့သည် ဧည့်သည်အရေအတွက်ကို တစ်ကြိမ်လျှင် ၅ ဦးထက်မပိုစေရန် ကန့်သတ်ထားမည်ဖြစ်ပြီး အဆောက်အဦးအတွင်းရှိ လူများအကြားအနည်းဆုံး ၂ မီတာကွာဝေးရန် သေချာစွာပြုလုပ်ပါမည်။

၂။ အဆောက်အဦး၏အတွင်းနှင့် ဂိတ်ဝကြမ်းပြင်တွင် ၂ မီတာအကွာအဝေးကို အမှတ်အသားပြုလုပ်ပါမည်။

၃။ ကူးစက်မှုအန္တရာယ်ကိုလျှော့ချရန် သန့်ရှင်းရေးများကို ထပ်တိုးပြုလုပ်မည်ဖြစ်ပြီး လက်သန့်ရှင်းဆေးများရှိနေစေရန်လည်း ဆောင်ရွက်ပါမည်။

ဗြိတိသျှကောင်စီကိုယ်စား ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအပေါ်တွင် ထားရှိဆဲ ကတိကဝတ်များနှင့် အားပေးကူညီနေမှုများကို ယုံကြည်စိတ်ချရန် ထပ်မံပြောကြားလိုပါသည်။ မြန်မာနိုင်ငံနှင့် နှစ်ရှည်လများ တည်ရှိနေခဲ့သောခင်မင်ရင်းနှီးမှုအတွက် အလွန်ဂုဏ်ယူမိပါသည်။ လက်ရှိကပ်ရောဂါကြောင့် ဖြစ်ပေါ်နေသော အခက်အခဲများရှိသော်လည်း မြန်မာနိုင်ငံနှင့် ယူကေနိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများကို ဆက်လက်ချိတ်ဆက်ပေးရန် မျှော်လင့်နေပါသည်။

#CultureConnectsUs

Dr Richard Sunderland
ညွှန်ကြားရေးမှူး
ဗြိတိသျှကောင်စီ မြန်မာ